



# သင့်အတွက်မြင့်မြတ်သောရည်မှန်းချက်ကိုရှာဖွေရန်

# “အံ့ဖွယ်မီးတောက်စီမာန်”

ရေးသားသူ  - Roddy Kenneth Street, Jr.



## သင့်အတွက်မြင့်မြတ်သောရည်မှန်းချက်ကိုရှာဖွေရန်

# “အံ့ဖွယ်မီးတောက်ဗိမာန်”

ရေးသားသူ – **Roddy Kenneth Street, Jr.**

## သင့်အတွက်မြင့်မြတ်သောရည်မှန်းချက်ကိုရှာဖွေရန်
## “အံ့ဖွယ်မီးတောက်ဗိမာန်”

နီပေါနိုင်ငံ၏ တောင်များစွာထဲမှ တောင်ထိပ်တစ်ခုတွင် မုခ်တီနတ် *(Muktinath)* ဟုခေါ်သော “ကယ်တင်ခြင်းအရှင်” ဟုလည်းခေါ်တွင်သည့် နေရာတစ်ခုရှိလေသည်။ ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ ဘုရားဖူးများစွာသည် ထိုနေရာရှိ “အံ့ဖွယ်မီးတောက်ဗိမာန်” ကို ကြည့်ရှုရန် သွားရောက်ကြသည်။

ထူးဆန်းသည်မှာ ထိုသို့ကြည့်ရှုရန် သွားရောက်သူများသည် “ကယ်တင်ခြင်းအရှင်” ဆိုသည်ကိုလည်းကောင်း၊ အံ့ဖွယ်မီးတောက်၏ လျှို့ဝှက်ချက်ကိုလည်းကောင်း နားလည်သဘောပေါက်ခြင်းမရှိပေ။

လွန်ခဲ့သော ၁၉၇၉ ခုနှစ်က ကျွန်ုပ်သည် နီပေါနိုင်ငံတွင် နှစ်လကြာနေထိုင်ခဲ့သည်။ ထိုသို့နေထိုင်စဉ် နိုဝင်ဘာလတွင် ကျွန်ုပ်၏သူငယ်ချင်း ဆွစ်ဇာလန်လူမျိုး ဝါနာဘောမ်ဂါတ်နာ *(Werner Baumgartner)* နှင့်အတူ ပိုကရာ–မုခ်တီနတ် *(Pokhara-Muktinath)* တောင်တက်ရောက်ခြင်းကို ပြုလုပ်ခဲ့ကြသည်။ ထို့နည်းတူ ဒီဇင်ဘာလတွင်လည်း ဧဝရတ် *(Everest)* တောင်ကို အတူတကွ တက်ရောက်ရန် ကြံစည်ခဲ့ကြသည်။

ပထမအကြိမ်တောင်တက်ခြင်းတွင် ကျွန်ုပ်တို့၏ နောက်ဆုံးပန်းတိုင် မုခ်တီနတ်တောင်ကို ရောက်ရှိရန် တစ်နေ့ပြီး တစ်နေ့၊ တစ်ရက်ပြီးတစ်ရက် နီပေါနိုင်ငံ၏ တောင်များစွာကို ဖြတ်ကျော်ပြီး ခြေကျင်တက်ခဲ့ကြသည်။ နောက်ဆုံးတွင် ဤတောင်တက်ခြင်း၏ ရလာဒ်အဖြစ် “အံ့ဖွယ်မီးတောက်ဗိမာန်” နေရာကို တွေ့ခွင့်ရခဲ့ကြသည်။ ထိုနေရာသည် အမှန်တကယ်တွင် တောင်ထိပ်တွင်တည်ရှိသော ရိုးရိုးသာမန်ဗိမာန်တစ်ခုမျှသာ ဖြစ်လေသည်။

ဤတောင်တက်ခရီးသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ဗဟုသုတများစွာရသော ခရီးတစ်ခုဖြစ်သော်လည်း မုခ်တီနတ် ဗိမာန်ထဲ၌ရှိသော “အံ့ဖွယ်မီးတောက်” ကမူ အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်စေလေသည်။ ဘုန်းကြီးတစ်ပါးမှ ယဇ်ပလ္လင်ကို ကာထားသော ကန့်လန့်ကာကို ဖယ်ရှားလိုက်သောအခါ ပန်းချီကားသဖွယ် အံ့ဖွယ်ကောင်း၍ နီပေါနိုင်ငံ၏ ဗိမာန်တစ်ခုတွင် တည်ထားကိုးကွယ်ကြသော အလွန်ဆွဲဆောင်မှုရှိသည့်အရာကို ကျွန်ုပ်တို့ ကြည့်ခွင့်ရခဲ့ကြလေသည်။

ထိုသို့ကြည့်ပြီးနောက် ဤ “အံ့ဖွယ်မီးတောက်ဗိမာန်” အကြောင်းကို ပို၍သိခွင့်ရခဲ့လေသည်။ သေးငယ်သော ရေစီးကြောင်းလေးတစ်ခုသည် မြေကြီးမှထိုးထွက်စီးဆင်းနေပြီး ထိုရေစီးကြောင်းသည် ကန့်လန့်ကာနောက်ကွယ်တွင် အလွန်လှပသော ပန်းချီကားသဖွယ် ရေတံခွန်ကဲ့သို့ ဖြစ်နေလေသည်။ သို့ရာတွင် ထို့ထက်ပိုသော အချက်ရှိသည်။ မဆုံးနိုင်သော သဘာဝဓါတ်ငွေ့သည် မြေကြီးမှ ပန်းထွက်နေပြီး ဘုန်းတော်ကြီးများက ထိုဓါတ်ငွေ့ကို အမြဲမီးထွန်းညှိထားကြသည်။ ထို့ကြောင့် မီးတောက်ငယ်လေးတစ်ခုသည် ရေတံခွန်စီးဆင်းရာတွင် မျောပါလျက်ရှိပြီး

ထိုနေရာတွင် ထာဝရမီးတောက်လောင်နေလေသည်။

ဤသည်မှာ ဗိမာန်ရှိ အံ့ဖွယ်တစ်ခုဖြစ်ပြီး ဟိန္ဒူနှင့်ဗုဒ္ဓဘာသာ ဘုရားဖူးများသည် ဤကဲ့သို့သော စကြာဝဠာရှိ အခြေခံဓါတ်ကြီးလေးပါးဖြစ်သော မီး၊ ရေ၊ မြေနှင့် လေတို့၏ ပေါင်းစပ်ဖွဲ့စည်းမှုကို စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြသည်။

စဉ်းစားကြည့်ပါ။ ရေပေါ်တွင်ထာဝရနီးပါး တောက်လောင်နေသော မီးတောက်တစ်ခုအကြောင်း။ တကယ်တော့ ဤမြင်ကွင်းသည် ကျွန်ုပ်တို့ကဲ့သို့ တောင်တက်သမားများအတွက်မူ ဤကမ္ဘာတွင် တွေ့မြင်ဖူးရန် မဖြစ်နိုင်သော ကြုံတောင့်ကြုံခဲ ဖြစ်ရပ်တစ်ခုအဖြစ် သင်ယူဆပေလိမ့်မည်။

ခြောက်လခန့်ကြာသောအခါ ပစိဖိတ်ကျွန်းပေါ်ရှိ ဂူအမ် *(Guam)* မြို့လေးပေါ်သို့ ငါးနှစ်ခန့် နေထိုင်ရန်အတွက်နှင့် အလုပ်လုပ်ကိုင်ရန် ကျွန်ုပ်ရောက်ရှိလာခဲ့သည်။ ကျွန်ုပ်ရောက်ရှိပြီး မကြာမီမှာပင် ယေရှုခရစ်တော်ကို စစ်မှန်စွာ ယုံကြည်သူတစ်ယောက်ဖြစ်လာပြီး နောက်ဆုံးတွင် သမ္မာကျမ်းကို တစ်စိုက်မတ်မတ် လေ့လာသော ကျောင်းသားတစ်ဦးဖြစ်လာခဲ့သည်။

ဂူအမ်ကျွန်းပေါ်သို့ ကျွန်ုပ်ရောက်ရှိလာမှုနှင့် ဝိညာဉ်ရေးရာပြောင်းလဲမှုများက ကျွန်ုပ်၏ ဘဝအတွက် အတွေးအခေါ်သစ်များကို ဝင်ရောက်လာစေခဲ့သည်။ ဘုရားသခင်မှ ယုံကြည်သူထံ သန့်ရှင်းသောဝိညာဉ်တော် သွတ်သွင်းခြင်းအားဖြင့်သာ ဤ "အံ့ဖွယ်မီးတောက်" ဟူသည် လူသားအတွက် အမှန်တကယ် တောက်လောင်လာကြောင်း ကျွန်ုပ်နားလည်လာခဲ့သည် (တမန်တော် ၂:၁-၄)[၁]။ ဤအခြင်းအရာသည် ယေရှုခရစ်တော်ထံ ဆုတောင်းခြင်းနှင့် ယုံကြည်ခြင်းအားဖြင့်သာ ရရှိနိုင်လေသည်။ ထိုသို့ပြုပြီးနောက် လူသားသည် အလင်းအားဖြင့် ကောင်းကြီးခံစားရပြီး သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ ဗိမာန်တော်ဖြစ်လာမည်ဖြစ်သည် (၁ ကောရိန္သု ၆:၁၉-၂၀)[၂]။ အံ့သြဖွယ်ကောင်းစွာ သာမာန်လူသားတစ်ဦးသည် "အံ့ဖွယ်မီးတောက်ဗိမာန်" တစ်ခု ဖြစ်လာနိုင်ပေသည်။ ထို့နောက် သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ မီးတောက်သည် ကျွန်ုပ်တို့ကိုယ်၌ ထာဝရ တောက်လောင်နေပေလိမ့်မည် (ဖက် ၄:၃၀)[၃]။

ထို့ထက်ပို၍ ယေရှုခရစ်တော်သည် သင့်ခန္ဓာအတွက် "ထာဝရအသက်တာ" စမ်းရေဖြစ်သော "အသက်စမ်းရေ" (ယေရမိ ၁၇:၁၃၊ ယောဟန် ၄:၁၀-၁၄)[၄] ကို အဆုံးမရှိ ပေးအပ်ပေလိမ့်မည် (ယောဟန် ၄:၁၄၊ ၇:၃၇-၃၉)[၅]။

ယေရှုခရစ်တော် စတေးခံခြင်းအားဖြင့် ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ ရရှိသောအခါ ကျွန်ုပ်တို့၏ အပြစ်ဟူသမျှသည် ယေရှု၏ အသွေးတော်အားဖြင့် ဖုံးကွယ်ပျောက်ပျယ်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တွင် အပြစ်ကင်းပြီး ဖြူစင်ဖြောင့်မတ်သူများ ဖြစ်လာကြမည်ဖြစ်သည်။ သင်သည် ခရစ်တော်အား ယုံကြည်သူတစ်ဦးဖြစ်လာလျှင် ဘုရားသခင်သည် သင်နှင့်မထိုက်တန်သော်ငြားလည်း



သားတော်ယေရှု၏ ဖြောင့်မတ်မှန်ကန်ခြင်းအားဖြင့် သင့်ကိုယုံကြည်လက်ခံပေမည်။

ဤသည်မှာ ကျွန်ုပ်တို့ဘုရားသခင်ကိုယ်တော်တိုင် လုစ်ဟပြသော အံ့ဖွယ်အမှန်တရားပင် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအမှန်တရားကို သမ္မာကျမ်းအတွင်းရှိ ယေရှုခရစ်တော်ကိုယ်တိုင် သင်ကြားသော သန့်ရှင်းသော သမ္မာကျမ်းစာတော်မြတ်မှတစ်ဆင့် သင်ကြားရသည်။ သာမန်လူသားများကို မီး၊ ရေ၊ မြေနှင့် လေတို့ကို ပေါင်းစပ်အသုံးပြုလျက် အံ့ဖွယ်မီးတောက်ဗိမာန်အဖြစ် တန်ခိုးရှင်ဘုရားသခင်မှ ဖန်ဆင်းတော်မူခြင်းမှာ အံ့သြဖွယ်ကောင်းလှပေ၏။ ဘုရားသခင်ဖန်ဆင်း အသုံးပြုပုံမှာ-

မြေ - သင်၏လူ့ခန္ဓာမှာ ရွှံ့ဖြင့်ပြုလုပ်ထားသော ခွက်တစ်ခုကဲ့သို့ဖြစ်ပြီး ဘုရားသခင်မှ ကမ္ဘာမြေကြီးရှိ မြေမှုန့်များဖြင့် ဖန်ဆင်းထားခြင်းဖြစ်သည်။ ဤခန္ဓာသည် ကျွန်ုပ်တို့ ဝိညာဉ်အတွက် ခဏတာခိုနားစရာအိမ် ဖြစ်သော်လည်း ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော် ကိန်းအောင်းရာ မြတ်သောဗိမာန်အဖြစ် ပြောင်းလဲနိုင်စွမ်းရှိသည်။

လေ - သင့်ခန္ဓာတွင် အမြဲတစ်စေ ကိန်းအောင်းနေသည်။ ဘုရားသခင်သည် သင်မွေးဖွား စတင်ကတည်းက ဇီဝအသက်ကို မှုတ်သွင်းခဲ့သည်။ ထို့ကြောင့် မိခင်ဝမ်းမှ သင်စတင်မွေးဖွားကတည်းက အသက်မှန်မှန်ရှူသွင်းနေသည် ဆိုသည်ကို သင်နားလည်သဘောပေါက်ရမည် ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်ဆန္ဒမရှိဘဲ သင်သည် စိုးစဉ်းမျှသော အသက်လေကို ရှူသွင်းရမည်မဟုတ်ပေ။ သို့ရာတွင် ဘုရားသခင်သည် ဤလေထက် အဖိုးတန်သော အရာကို ပေးလိမ့်မည်။ ထိုအရာမှာ သင်သည် တစ်နေ့နေ့တွင် ကမ္ဘာမြေ၏ အပြင်ဘက်သို့ ရှင်သန်ထမြောက်လျက် မြင့်မြတ်သော ကောင်းကင်နိုင်ငံတည်ရှိကြောင်း သိရှိနိုင်မည့် ကတိတော်ပင်ဖြစ်သည်။ ထိုနိုင်ငံတော်သည် ဘုရားသခင်မှ ကောင်းကင်နိုင်ငံတော်သို့ ထာဝရအသက်တာရယူရန် လာရောက်သူများအတွက် ရည်ရွယ် ဖန်ဆင်းထားခြင်းဖြစ်သည်။ ထိုနေရာသည် ဖြောင့်မှန်သောသူများအတွက် ရည်ရွယ်သည်။ ဤကဲ့သို့သော ကောင်းကြီးမင်္ဂလာရရှိရန် လေသည် မည်ကဲ့သို့ ကူညီနိုင်မည်နည်း။

လေသည် လူသားတို့၏ ခန္ဓာကို အံ့ဖွယ်မီးတောက်ဗိမာန်အဖြစ် ပြောင်းလဲရာတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သင်အံ့သြလိမ့်မည် (သို့) "အဘယ့်ကြောင့်နည်း" ဟူသော မေးခွန်းမေးမိလိမ့်မည်။

သင်သည် နှလုံးသားဖြင့် ဘုရားသခင်၏သားတော်ကို ယုံကြည်၍ သင်၏ပါးစပ်သည် ဘုရားသခင် ရှေ့မှောက်တွင် ယုံကြည်ခြင်းကို သက်သေခံသည်။ သင်၏အဆုတ်ထဲတွင်ရှိသော လေအားဖြင့် ယေရှုသည် သခင်ဖြစ်ကြောင်း သက်သေခံပြီး ဘုရားသခင်၏ နိုင်ငံတော်နှင့် ယေရှု၏ဆုံးမချက်နောက်သို့ လိုက်ပါတိုင်း သင်၏ဘဝသည် ဝိညာဉ်ရေးရာတွင် မီးတောက်လောင်နေပေလိမ့်မည်။

ဤသို့အားဖြင့် လူတိုင်းသည် လေနှင့်ယေရှုခရစ်တော်၏ မေတ္တာတော်ကို အသုံးပြုခြင်းအားဖြင့် မြင့်မြတ်၍ မင်္ဂလာရှိသော "အံ့ဖွယ်မီးတောက်ဗိမာန်" ဖြစ်လာနိုင်ကြသည်။

မီးနှင့်ရေ – ဤဒြပ်ဝတ္ထုများသည် ဘုရားသခင်မှ ဖန်ဆင်းထားခြင်းဖြစ်သည်။ ဘုရားသခင်သည် သင်ဖြောင့်မတ်စေရန်နှင့် ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရှိစေရန် ဤဒြပ်ဝတ္ထုများဖြင့် သင့်ခန္ဓာကို ဖန်ဆင်းထားသည်။ သင်၏ ဖန်ဆင်းရှင် သန့်ရှင်းသော ဘုရားသခင်၏ အခမဲ့လက်ဆောင်ပင်ဖြစ်သည်။

ဤဒြပ်ဝတ္ထုဖြင့် ဖန်ဆင်းထားသော သင်၏ခန္ဓာကိုယ်သည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ထာဝစဉ်မီးတောက်လျက်နေပြီး အသက်စမ်းရေတသွင်သွင်စီးဆင်းနေ၍ "အံ့ဖွယ်မီးတောက်ဗိမာန်" ကဲ့သို့ ပုံသဏ္ဌာန်ဖော်ဆောင်လျက် ထာဝရကောင်းကင်နိုင်ငံသို့ သင်နှင့်ယုံကြည်သူများကို ပို့ဆောင်လိမ့်မည်။

သင်ယေရှုခရစ်တော်ကို ယုံကြည်လျှင် ဘုရားသခင်ထံမှ အဖိုးထိုက်တန်သော လက်ဆောင်နှစ်ခုကို ရရှိလိမ့်မည်။ ပထမလက်ဆောင်မှာ သင်၏ခန္ဓာတွင် ထာဝစဉ် တောက်လောင်နေမည့် သန့်ရှင်းသောဝိညာဉ်တော်မီးတောက်ပင်ဖြစ်သည်။ ဒုတိယလက်ဆောင်မှာ သင်သောက်သုံးရန် အသက်စမ်းရေဖြစ်ပြီး ဤစမ်းရေသည် ဘုရားသခင်နှင့်အတူတစ်ကွ ထာဝရအသက်တာကို ရရှိခံစားနိုင်ရန် သင့်ခန္ဓာတွင် တသွင်သွင်စီးဆင်းနေပေမည်။

ဤကမ္ဘာပေါ်ရှိ ခရစ်ယာန်ယုံကြည်သူများသည် မြင့်မြတ်၍ အံ့သြဖွယ်ကောင်းသော ရှေ့ခရီးကိုဆက်ရန် အာရုံစူးစိုက်လျက်ရှိပြီး ဤခရီးသည် စတင်ခြင်းအသစ်နှင့် ကမ္ဘာမြေအသစ်ကိုလျှောက်လှမ်းရန် ရှည်လျားဝေးလံသော ခရီးဖြစ်သည် (ဗျာဒိတ် ၂၁း၆၊ ၂ ပေတရု ၃း၉–၁၃၊ ဗျာဒိတ် ၂၁း၂)[၆]။ သင်အတူတစ်ကွ ပါဝင်ရန် ကျွန်ုပ်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ တပ်တော်သည် တိုးပွားလျက်ရှိပြီး ယုံကြည်သူအသစ်များကို ရှာဖွေလျက်ရှိသည်။ ဤအချက်သည် သတင်းကောင်းဖြစ်ပြီး အကြောင်းမှာ ဤအမှုတော်သည် ယေရှု၏ အလိုတော်ပင်ဖြစ်သည်။ ရိုမေးနီးယားနိုင်ငံမှ သင်းအုပ်ဆရာ ရစ်ချက်ဝင်ဘရန် *(Richard Wurmbrand)* ရေးသားသော "အမြင့်သို့တက်လှမ်းခြင်း" စာအုပ်တွင် စာရေးသူက "ကျွန်ုပ်တို့သည် စုပေါင်း၍ အတူတစ်ကွတက်လှမ်းကြလျှင် အောင်မြင်မှုသရဖူကို ရရှိကြပေမည်" ဟု ရေးသားခဲ့သည်။

၁၉၈၀ ခုနှစ် ဂူအမ်ကျွန်းတွင် ကျွန်ုပ်အခြေချနေထိုင်ပြီး မကြာမီ ကျွန်ုပ်သည် ယုံကြည်သူဖြစ်လာခဲ့သည်။ ကျွန်ုပ်၏ ဆွစ်ဇာလန်လူမျိုး သူငယ်ချင်း ဝါနာသည်လည်း ကျွန်ုပ်မသိရှိသော အခြားနည်းလမ်းတစ်ခုဖြင့် ယုံကြည်သူဖြစ်လာခဲ့သည်။

ကျွန်ုပ်၏ တောင်တက်သူငယ်ချင်းဖြစ်သူ ဝါနာသည် ဆွစ်ဇာလန်နိုင်ငံရှိ အဲလ်ပ်တောင်တန်းနှင့် ဟိမဝန္တာတောင်တန်းတို့ကို တက်ရောက်ပြီးနောက် ဆွစ်ဇာလန်တွင် တောင်တက်ခြင်းမှ အနားယူ၍ သာမန်လူဘဝကို မစတင်မီ နောက်ဆုံးသော တောင်တစ်ခုကို တက်ရောက်ချင်စိတ်ရှိနေသည်။ သူ၏နောက်ဆုံးပစ်မှတ်သည် အီဂျစ်နိုင်ငံဖြစ်ပြီး ထိုနေရာတွင် မောရှေက ဘုရားသခင်ထံမှ ပဋိညာဉ်ဆယ်ပါးကို လက်ခံရရှိသည်ဟု လူအများက ယုံကြည်ကြသော သိနာတောင်ကိုတက်ရန် ဆုံးဖြတ်ခဲ့သည်။ မောရှေမှ အံ့သြဖွယ်မီးတောက်ကို မြင်တွေ့ရာ



(ထွက်မြောက်ရာ ၃း၁–၆)[၇]၊ ဘုရားသခင်၏ အသံတော်ထွက်ရှိရာ မီးတောက်နေသော ချုံပုတ်တို့တွေ့ရှိရာ သန့်ရှင်းသော ဤတောင်သည် မကြာမီတွင် မောရှေမှ ပဋိညာဉ်ဆယ်ပါး လက်ဆောင်ရရှိရာ တောင်ထိပ်တစ်ခု ဖြစ်လာခဲ့သည်။

ဝါနာသည် သိနာတောင်ကိုတက်ရောက်၍ သမ္မာကျမ်းစာအုပ်ကို တစ်ပါတည်း ယူဆောင်သွားပြီး တောင်ထိပ်သို့ရောက်သောအခါ ထိုင်၍ ကျမ်းစာအုပ်ကို ဖတ်ရှုခဲ့သည်။ သူသည် ကျမ်းစာကိုဖတ်ရှု၍ ဘုရားသခင်ထံ ဆုတောင်းသောအခါ သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏ တန်ခိုးသည် သူ၏ဘဝကို ပြောင်းလဲလာစေခဲ့သည်။ သူသည် ယေရှုခရစ်တော်ကို စစ်မှန်စွာယုံကြည်သူတစ်ယောက် ဖြစ်လာခဲ့သည်။

သိနာတောင်ရှိ ငှက်နားခုံမှ သူဆင်းသက်လာသောအခါ ကျွန်ုပ်၏ ချစ်သူငယ်ချင်း ဝါနာသည် ယေရှုအား သခင်အဖြစ်လက်ခံလျက် သူ၏လမ်းကို အတူတစ်ကွ လျှောက်လှမ်းသူ ဖြစ်လာခဲ့သည်။ သူ၏ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ အံ့ဖွယ်မီးတောက်ခိုလှုံရာ ဗိမာန်တစ်ခုဖြစ်လာခဲ့သည်။ ဤဖြစ်ရပ်သည် အံ့သြဖွယ်ကောင်းသော ပြောင်းလဲလက်ခံမှု တစ်ရပ်ပင်ဖြစ်သည်။

ဝါနာသည် ဆွစ်ဇာလန်နိုင်ငံရှိ ဓမ္မတက္ကသိုလ်တစ်ခုတွင် ဘာသာရေးပညာ သင်ယူခဲ့သည်ဆိုသည်ကို ကျွန်ုပ် သူ့ထံမှရရှိသော စာများအရ သိရှိရသည်။ ကျွန်ုပ်၏ တောင်တက်သူငယ်ချင်း၊ ဆွစ်ဇာလန်နိုင်ငံမှ ခင်မင်ဖွယ်ပေါင်မုန့်ဖုတ်သမား၊ ကမ္ဘာတစ်ဝန်းရှိ တောင်များကို တက်ရောက်စဉ်က ကျွန်ုပ်၏ခရီးသွားဖော်သည် ယခုအခါတွင် ဆွစ်ဇာလန်နိုင်ငံရှိ လွတ်လပ်စွာပြုပြင်ပြောင်းလဲသည့် အသင်းတော် *(Reformed Free Church)* တွင် ဧဝံဂေလိ သင်းအုပ်ဆရာတစ်ပါး ဖြစ်လာခဲ့ပေပြီ။ သူမွေးဖွားရာ ဇာတိမြေရှိ ကျေးလက်ဒေသများတွင် ဧဝံဂေလိ သာသနာပြုပုဂ္ဂိုလ်အဖြစ်နှင့် "အသင်းတော်တည်ထောင်သူ" အဖြစ် အမှုတော်ဆောင်လျက်ရှိသည်။

ကျွန်ုပ်၏ သူငယ်ချင်း ဝါနာသည် သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ တန်ခိုးကြောင့် ပြောင်းလဲခြင်းအတွက် အလွန်ကောင်းသော ဥပမာတစ်ခုဖြစ်ပြီး ယေရှုခရစ်တော် ဖွားမြင်ချိန်မှစ၍ ဤကဲ့သို့မရေမတွက်နိုင်သော ဥပမာများသည် ကမ္ဘာမြေတွင် နေထိုင်သောလူသားမျိုးအဆက်ဆက်တွင် ဖြစ်ပွားနေဆဲဖြစ်သည်။ ဘုရားသခင်၏ နှုတ်ထွက်စကားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် သင့်ခန္ဓာကို ဖြည့်ဆည်းလျှင် သင်၏တောက်လောင်နေသော စိတ်ဝင်စားဖွယ် မီးတောက်ဗိမာန်ခန္ဓာကို ကြည့်ရန် လူအများ လာရောက်ကြလိမ့်မည်။

ကျွန်ုပ်တို့သူငယ်ချင်းနှစ်ဦး ကမ္ဘာတစ်ခွင် လေ့လာရေးခရီးပြီးဆုံးချိန်တွင် ယေရှုခရစ်တော်၏နောက်လိုက် စစ်မှန်သော ယုံကြည်သူများဖြစ်လာခြင်းသည် အံ့သြဖွယ်ရာ မဟုတ်ပေ။ ကျွန်ုပ်တို့နှစ်ဦးသည် ကမ္ဘာပေါ်ရှိ နိုင်ငံအနှံ့သို့ လပေါင်းများစွာ ခရီးဆန့်ခဲ့ကြပြီး၍ ဤကမ္ဘာမြေသည် ဘုရားသခင်၏ သားတော်ကို မည်မျှလိုအပ်ကြောင်းကို သိမြင်ခဲ့ကြပြီးဖြစ်သည်။

ဘုရားသခင်၏ ကျေးဇူးတော်နှင့် သန့်ရှင်းသောသားတော်၏ တန်ခိုးတော်အားဖြင့် ကျွန်ုပ်နှင့်ဝါနာတို့

နှစ်ဦးသည် ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်ခိုလှုံရာ အသက်ရှင်သော အံ့ဖွယ်မီးတောက်ဗိမာန် ဖြစ်ခွင့်ရရှိခဲ့ကြလေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စစ်မှန်သော သားတော်ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ပြောင်းလဲမှုတို့ကို ရရှိခဲ့ကြသည်။

ကျွန်ုပ်ယုံကြည်သူတစ်ယောက်ဖြစ်လာခြင်းမှာ ယေရှုခရစ်တော်သည် စစ်မှန်သော ဘုရားသခင်ထံ သွားရောက်ရာလမ်းဖြစ်ကြောင်းကို သိရှိသောကြောင့် ဖြစ်သည် (မဿဲ ၇း၁၃–၁၄၊ ယောဟန် ၁၀း၇–၉)[၈]။ သူသည် ဘုရားသခင်၏ ဖန်ဆင်းမှုအားလုံးအတွက် စောင့်ရှောက်သူဖြစ်ပြီး ဘုရားသခင်၏ စစ်မှန်သော တရားကို ဟောကြားသူလည်းဖြစ်သည် (ယောဟန် ၃း၁၂–၁၃၊ ယောဟန် ၆း၃၈–၄၀၊ မဿဲ ၁၁း၂၄–၂၅)[၉]။ သားတော်၏ မျက်နှာတော်ကိုမြင်လျှင် ကောင်းကင်ဘုံရှိ ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံသော အဖဘုရားသခင်၏ မျက်နှာတော်ကို ရှုမြင်ခွင့်ရသကဲ့သို့ပင် ဖြစ်သည် (ယောဟန် ၆း၄၆၊ ယောဟန် ၁၄း၇–၁၁)[၁၀]။ သားတော်၏ နှုတ်ထွက်စကားကိုကြားလျှင် ကောင်းကင်ဘုံနှင့် ကမ္ဘာမြေ၏ အမှန်တရားကို ကြားရသကဲ့သို့ဖြစ်သည် (ယောဟန် ၃း၁၂–၁၃)[၁၁]။ ယေရှုခရစ်တော်၏ အသံတော်သည် ဘုရားသခင်၏ အသံတော်ပင်ဖြစ်သည်။ ပြီးပြည့်စုံသော ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းဖြင့် လွှမ်းခြုံထားလျက် သူသည် ထာဝရဘုရားသခင်၏ သားတော်ပင်ဖြစ်သည် (ဗျာဒိတ် ၂၂း၁၂–၁၆)[၁၂]။

ယေရှုသည် ကောင်းကင်လမ်းကို ရှာဖွေသူအားလုံးအတွက် နောက်ဆုံးသော ခရီးလမ်းဆုံးဖြစ်ပြီး အမှန်တရားနှင့် အသိဉာဏ်ရောင်ခြည်စုဝေးရာ သန့်ရှင်းမြင့်မြတ်သောသူတစ်ဦးလည်း ဖြစ်သည်။ သူသည် သင်၏ဘဝတစ်လျှောက် ရှာဖွေမှုများအတွက် ပန်းတိုင်ဖြစ်လျက် ရှေ့ခရီးကိုဆက်လျက်ရှိသော လူသားအားလုံးအတွက် နောက်ဆုံးပန်းတိုင် လည်း ဖြစ်သည်။ သူသည်စတင်ခြင်းအသစ်အတွက် မူလအစဖြစ်ပြီး (ဗျာဒိတ် ၂၁း၅–၆)[၁၃] ကမ္ဘာမြေရှိ အရာအားလုံးအတွက် အသစ်သောဖန်တီးခြင်းကို ယူဆောင်ပေးမည့် သန့်ရှင်းသော အလင်းတော်ပင်ဖြစ်သည် (မာကု ၁၉း၂၈)[၁၄]။

စာတန်မာရ်နတ်သည် နောက်လိုက်ငယ်ပါ မြောက်များစွာရှိပြီဖြစ်သော်လည်း ကောင်းကင်ဘုံရှင် အဖဘုရားသခင်သည် ထို့ထက်ပို၍ မြောက်များလှစွာ အသုံးပြုရန်ရှိသည်။ သင်သည် ဘုရားသခင်၏ သားတော်ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ယေရှုခရစ်တော်၏ ညီရင်းအစ်ကိုအဖြစ်နှင့် ဘုရားသခင်၏ မိသားစုဝင်တစ်ဦးအဖြစ် ဂုဏ်ယူစွာ ကြေညာလာနိုင်မည် ဖြစ်သည် (မဿဲ ၁၂း၄၈–၅၀)[၁၅]။

သင်ကိုယ်တိုင်သည် အံ့ဖွယ်မီးတောက်ဗိမာန်တစ်ခု ဖြစ်လာနိုင်မည်ဖြစ်သည်။

သင်သည် ယေရှုကို ယုံကြည်လျက် သူပေးကမ်းသော အသက်စမ်းရေ (ဗျာဒိတ် ၂၁း၆၊ ၂၂း၁၇)[၁၆] ကို လက်ခံရန် အဆင်သင့်ဖြစ်ပြီလား။

ဤသို့ပြုခြင်းသည် သင်အသစ်တစ်ဖန် မွေးဖွားခြင်းအတွက် စိတ်အချရဆုံးသော နည်းလမ်းတစ်ခုပင်ဖြစ်သည်။



လူတို့၏ အသက်ရှင်သန်ရာ မူလအစသည် ဟိန္ဒူလူမျိုးများ တွေးထင်ထားသကဲ့သို့ ဂင်္ဂါမြစ်၏မြစ်ရေတွင် မူတည်ခြင်း မရှိပေ။ စစ်မှန်သော အသက်ရှင်သန်ရာ အစသည် ယေရှုခရစ်တော်တွင်ဖြစ်ပြီး သူသည် သင့်အား ဘုရားသခင်နှင့် ထာဝရအသက်တာနေနိုင်ခွင့်ကို ပေးစွမ်းနိုင်လေသည် (ယောဟန် ၄း၁၁–၁၄၊ ၇း၃၇–၃၈)[၁၇]။

ယေရှုခရစ်တော်က သူသည် အာဗြဟံမတိုင်မီကထဲကပင်တည်ရှိခဲ့ကြောင်း မိန့်ဆိုခဲ့သည်။ "အာဗြဟံမဖြစ်မီ ငါဖြစ်၏" (ယောဟန် ၈း၅၈)[၁၈]။ ယေရှုက သူသည် အဖဘုရားသခင်နှင့် တစ်ပေါင်းတစ်စည်းတည်းဖြစ်ကြောင်းကို "ငါသည် ငါ့ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်၏" ဟု မိန့်တော်မူ၏ (ယောဟန် ၁၀း၃၀)[၁၉]။ ဘုရားသခင်ကို မြင်လိုသိလိုလျှင် အဖဘုရားသခင်၏ ဥပမိရုပ်နှင့် လူ့သဘာဝကိုပိုင်ဆိုင်သော ယေရှု၏ရုပ်ခန္ဓာတွင် သိမြင်နိုင်မည်ဖြစ်သည် (ယောဟန် ၁၄း၇–၁၂)[၂၀]။

ယေရှုက "ငါသည် ခရီးလမ်းဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏" ဟု မိန့်တော်မူ၏ (ယောဟန် ၁၄း၆)[၂၁]။ ငါ့ကို အမှီမပြုလျှင် မည်သူမျှ အဖခမည်းတော်ထံသို့ မရောက်ရ (ယောဟန် ၁၄း၆)[၂၂]။

ယေရှုသည် ကောင်းကင်တံခါးဖြစ်ပြီး (ယောဟန် ၁၀း၇–၉)[၂၃] သူသည် အထက် ကောင်းကင်ဘုံရှိ အဖခမည်းတော် တန်ခိုးတော်နှင့် ပြည့်စုံသော ဘုရားသခင်၏ရှေ့မှောက်သို့ ကျွန်ုပ်တို့လူသားများ ခိုလှုံဝင်ရောက်နိုင်ရန် တစ်ခုတည်းသောလမ်းဖြစ်သည်။ သူသည် ကျွန်ုပ်တို့လူသားများ ဘုရားသခင်ထံမှ သန့်ရှင်းသော ဝိညာဉ်တော် ခံယူရရှိရန် အသိဉာဏ်ရောင် ကွန့်မြူးစေသော ထွက်ပေါက်တစ်ခုဖြစ်သည်။

ယေရှုခရစ်တော်သည် လောကဟင်းလင်းပြင်ကြီးအတွက် စစ်မှန်သော အမှန်တရားဖြစ်ပြီး လင်းရောင်ခြည် (ယောဟန် ၈း၁၂)[၂၄] လည်းဖြစ်သည်။ သူသည် ဖခမည်းတော်၏ မြင့်မြတ်သော တိုင်းပြည်သို့ ကျွန်ုပ်တို့ ရောက်စေခြင်းငှာ ဘုရားသခင်ထံ လမ်းခရီးကို ကျွန်ုပ်တို့အား ပြသပေးခဲ့လေသည်။

ယေရှုက ငါသည် ခရီးလမ်းဖြစ်သည်ဟု မိန့်တော်မူပြီး ထိုခရီးသည်သာတစ်ခုတည်းသော လမ်းခရီးဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ သန်းတစ်ထောင့်ငါးရာခန့်က လူသားအားလုံး ကယ်တင်ခြင်းရရှိရန်အတွက် ကမ္ဘာမြေသို့ ကြွလာသော မြင့်မြတ်၍ သန့်ရှင်းစင်ကြယ်တော်မူသော ဤလူသားကို အသိအမှတ်ပြုကြပြီး ဖြစ်သည်။

သင်သည် အမှန်တရားကို နှစ်ပေါင်းများစွာ ဤကမ္ဘာမြေပေါ်တွင် သင်ရှင်သန်နေသမျှ ကာလပတ်လုံး ရှာဖွေခဲ့ပြီး ------

ယခုအခါ သင်သည် ယေရှုခရစ်တော်၏ အမှန်တရားကို ကြားသိပြီး လောကအလင်းသို့ လျှောက်လှမ်းရာလမ်းကို ညွှန်ပြပို့ဆောင်ခြင်းခံရပြီဖြစ်သည်။

ယေရှုသည် ကမ္ဘာလောက၏အလင်းဖြစ်ပြီး (ယောဟန် ၈း၁၂)[၂၅] သင်၏ပတ်ဝန်းကျင်ရှိ အမှောင်ကမ္ဘာနှင့် မကောင်းမှုဟူသမျှကို အလင်းပြလျက် သင့်အား မှန်ကန်သောလမ်းကြောင်းကို ညွှန်ပြလျက်ရှိသည်။ သူသည် သင်၏လမ်းခရီးအတွက် အလင်းဖြစ်ပြီး သင်၏ခြေထောက်များအတွက် မီးအိမ်လည်းဖြစ်သည်။ သူသည်

သန့်ရှင်းသောသူ၊ အမှန်တရားလည်းဖြစ်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်လည်းဖြစ်သည်။

သင်၏နှလုံးသားတွင် ဘုရားသခင်၏ အမှန်တရားကို မည်ကဲ့သို့ရယူမည်နည်း။ ယေရှုခရစ်တော်၏အဖ ကောင်းမြတ်စုံလင်သော ဘုရားသခင်ထံတွင် တောင်းလျှောက်လျှင် သူသည် သင့်အား သန့်ရှင်းသောဝိညာဉ်တော် ပိုင်ဆိုင်စေလျက် သမ္မာကျမ်းစာတော်မြတ်မှ သန့်ရှင်းသောကျမ်းပိုဒ်များကို နားလည်သဘောပေါက်ရသော အခွင့်ကို ပေးပေလိမ့်မည်။ ထိုအခါ သင်သည် ယေရှုအား မြင့်မြတ်စင်ကြယ်သူအဖြစ်နှင့် ဘုရားသခင်၏ သန့်ရှင်းသောသားတော်အဖြစ် တွေ့မြင်လာပေလိမ့်မည်။

သင်သည် ယေရှုခရစ်တော်ကို လောကဟင်းလင်းပြင်ကို ဖန်ဆင်းသော သုံးပါးတစ်ဆူ ဘုရားသခင်ဟု သင်၏နှလုံးသားထဲမှ ပလ္လင်ထက်တွင် စံစားစေလျက် ယုံကြည်လက်ခံလျှင် ဘုရားသခင်နှင့် အတူတစ်ကွ ထာဝရအသက်တာကို ခံစားရရှိမည်ဖြစ်သည်။ ယေရှုသည် ဤကဲ့သို့သော ရိုသေလေးစားမှုနှင့် မြင့်မြတ်သောနေရာကို ရရှိထိုက်သူဖြစ်သည်။ သူသည် ဘုရားသခင်၏ သားတော်တစ်ဖြစ်လဲ လူသားဘဝကို ခံယူမွေးဖွားပြီး ဖြောင့်မတ်၍ အပြစ်မရှိသောဘဝကို နေထိုင်ကျင့်ကြံခဲ့သူဖြစ်သည်။ သူသည် သင့်အတွက် လက်ဝါးကားတိုင်တွင် မိမိကိုယ်တိုင် စတေးခံခဲ့ပြီး သင်နှင့် ကျွန်ုပ်အတွက်အပြင် ဤကမ္ဘာပေါ်ရှိ နေရာအနှံ့မှ လူသားများ အပြစ်အတွက်ဒဏ်ခတ်ခြင်းမှ လွတ်မြောက်ရန် ကယ်တင်ခြင်းကို ရယူခံစားလိုသူတိုင်း၏ အပြစ်နှင့်မကောင်းမှုဟူသမျှကို သူ့အပေါ်တွင် တင်ဆောင်ခဲ့လေသည်။

သင်သည် ယေရှုကို ယုံကြည်လက်ခံလျှင်၊ ဘုရားသခင်၏ လောကဟင်းလင်းပြင်ကို အစီအစဉ်တစ်ကျ ဖန်ဆင်းခြင်း အကြံအစည်ကို လက်ခံလျှင် ဘုရားသခင်နှင့်အတူ ငြိမ်သက်ခြင်းနှင့် အေးချမ်းမှုကို ခံစား ရရှိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်သည် သင့်ဘဝအတွက်နှင့် ကမ္ဘာလောကရှိ မြင်နိုင်သမျှ အရာအားလုံးတို့အပေါ်တွင် ဘုရားသခင်၏ ကြီးစိုးအုပ်ချုပ်မှုကို ခံယူခွင့်ပြုသောကြောင့်ပင်ဖြစ်သည်။

ယေရှုသည် ဘုရားသခင်၏ သားတော်များထံ "ကောင်းကင်နိုင်ငံတော်သည် ပင်လယ်၌ချ၍ အမျိုးမျိုးသောငါးတို့ကို အုပ်မိသော ပိုက်ကွန်နှင့်တူ၏။ ငါးနှင့်အပြည့်ရှိသောအခါ တံငါတို့သည် ကုန်းပေါ်သို့ ဆွဲတင်၍ ထိုင်လျက် ကောင်းသောငါးတို့ကို ခြင်းသို့ရွေးချယ်ထည့်ထား၍ မကောင်းသော ငါးတို့ကို အပြင်သို့ ပစ်လိုက်ကြ၏။ ထိုနည်းတူ ကမ္ဘာအဆုံး၌ ကောင်းကင်တမန်တို့သည် ဆင်းလာပြီးလျှင် ဖြောင့်မတ်သော သူတို့အထဲမှ ဆိုးသောသူတို့ကို နှုတ်ယူခွဲထား၍ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ မီးဖို၌ ချကြလတ္တံ့" ဟု မိန့်တော်မူ၏ (ရှင်မဿဲ ၁၃း၄၇–၅၀)။

ထို့ပြင် ယေရှုသည် ဘုရားသခင်၏ သားတော်များကို တိတ်တဆိတ် မျိုးစေ့ပေါက်ခြင်း ဥပမာနှင့် ခိုင်းနှိုင်းလျက် "ထိုမှတစ်ပါး လူသည် လယ်၌မျိုးစေ့ကြဲပြီးမှ နောက်တစ်ဖန် မိမိမကြည့်မမှတ်၊ ညဉ့်၊ နေ့အိပ်လျက်၊ နိုးလျက်နေသော်လည်း အပင်ပေါက်၍ ကြီးပွားသည်နှင့် ဘုရားသခင်၏နိုင်ငံတော် တူ၏။ မြေကြီးသည်



မိမိအလိုအလျောက် အသီးကိုသီးစေ၍ ရှေ့ဦးစွာ အညှောက်၊ ထို့နောက် အနှံ၊ ထို့နောက် အနှံထဲမှာ အောင်မာသောအဆန်ကို ဖြစ်စေတတ်၏။ အသီးမှည့်၍ ရိတ်ချိန်ရောက်သောအခါ လယ်ရှင်သည် မဆိုင်းမလင့်၊ တံစဉ်နှင့် ရိတ်စေတတ်သည်" ဟု မိန့်တော်မူ၏ (ရှင်မာကု ၄း၂၆–၂၉)။

ဘုရားသခင်၏ ကမ္ဘာမြေအတွက် အမှုတော်ဆောင်ခြင်းသည် –

လကမ္ဘာသို့ လူသားများ ခြေချခြင်းထက် ပို၍အရေးကြီးပြီး မားစ်ဂြိုလ်ပေါ်သို့ လူသားများ ခြေချခြင်းထက်လည်း ပို၍အရေးကြီးလေသည်။

ဘုရားသခင်သည် ယေရှုခရစ်တော်၏ လူ့ခန္ဓာခံယူခြင်းအားဖြင့် ဤကမ္ဘာဂြိုလ်ပေါ်တွင် နေရာအနှံ့ လျှောက်လှမ်းခဲ့သည်။

လကမ္ဘာပေါ်တွင် ခြေချခဲ့ဘူးသော ဂျေးမ်စ်ဘီအာဝင် *(James B. Irwin)* က "ဘုရားသခင်၏ ကမ္ဘာမြေပေါ်တွင် ခြေချလျှောက်လှမ်းခြင်းသည် လူသားများလကမ္ဘာပေါ် ခြေချလျှောက်လှမ်းခြင်းထက် ပို၍အရေးကြီးသည်" ဟု ဆိုခဲ့လေသည်။

ဘုရားသခင်၏ အလင်းသည် ကျွန်ုပ်တို့ထံ၌ ကျရောက်ခိုလှုံလျက်ရှိသည်။

ကျွန်ုပ်တို့အားလုံး ဤအချက်များကို သိထားရန်လည်း လိုအပ်လေသည်။

(၁) ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ဆုတောင်းခြင်းအားဖြင့် မိတ်ဖွဲ့ပြောဆိုနိုင်သည်။

(၂) ဘုရားသခင်သည် ကျွန်ုပ်တို့အား သန့်ရှင်းသော သမ္မာကျမ်းမှ နှုတ်ကပတ်တော်များအားဖြင့် မိတ်ဖွဲ့ ပြောဆိုသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်များကို တတ်နိုင်သမျှ အကျွမ်းတဝင်ရှိစေရန် ဖတ်ရှုလေ့လာ သင့်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာလောက၏ ရှုပ်ထွေးနက်နဲမှုနှင့် ခက်ခဲမှုဟူသမျှ နားလည် သဘောပေါက်ရန် သင်၏ကြိုးစားမှု မှန်သမျှအတွက် ကောင်းကြီးပေးလိုသည်။ သို့အတွက်ကြောင့် သူ၏ ခွင့်လွှတ်ခြင်းနှင့် အသိဉာဏ်အလင်းရောင် ချပေးသော ကျေးဇူးတော်အားဖြင့် သင့်အား ဆုလာဘ်ပေးသနားခြင်းကို လက်ခံသင့်သည်။

## အာရုံပြုဖို့ကျမ်းချက်များ

၁။ ပင်တေကုတ္တေပွဲနေ့ ရောက်သောအခါ ထိုသူအပေါင်းတို့သည် တစ်ညီတစ်ညွတ်တည်း စုဝေး၍နေကြ၏။ ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သော အသံသည် တစ်ခဏချင်းတွင် ကောင်းကင်မှလာ၍ ထိုသူတို့နေထိုင်သောအိမ်ကို ဖြည့်လေ၏။ ထိုခဏချင်းတွင် ကွဲပြားသော လျှာတို့သည် မီးလျှာကဲ့သို့ထင်ရှား၍ ထိုသူအသီးသီးတို့ပေါ်၌ တည်နေကြ၏။ ထိုသူ အပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသော အခွင့်ကို ပေးတော်မူသည့်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏။ (တမန်တော် ၂း၁-၄)

၂။ အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ကိန်းဝပ်သည့် သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုင်း၊ မိမိတို့ကိုယ် မိမိတို့မပိုင်ကြောင်းကိုင်း၊ မသိကြသလော။ သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့။ (၁ ကော ၆း၁၉-၂၀)

၃။ ရွေးနှုတ်ခြင်းနေ့ရက်တိုင်အောင် သင်တို့ကိုတံဆိပ်ခတ်တော်မူသော ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။ (ဧဖက် ၄း၃၀)

၄။ အိုဣသရေလအမျိုး၏ မျှော်လင့်စရာအကြောင်းဖြစ်သော ထာဝရဘုရား၊ ကိုယ်တော်ကို စွန့်ပစ်သောသူအပေါင်းတို့သည် အရှက်ကွဲရကြပါလိမ့်မည်။ ငါ့ထံမှထွက်သွားသောသူတို့သည် မြေစာရင်းသို့ဝင်ရကြပါလိမ့်မည်။ အကြောင်းမူကား အသက်စမ်းရေတွင်းတည်းဟူသော ထာဝရဘုရားကို စွန့်ပစ်ကြသတည်း။ (ယေရမိအနာဂတ္တိ ၁၇း၁၃)

ယေရှုကလည်း "ဘုရားသခင့်ကျေးဇူးတော်ကိုင်း၊ ငါသောက်ဖို့ရေပေးပါဟု ဆိုသောသူအားကား အဘယ်သူဖြစ်သည်ကိုင်း၊ သင်သည်သိလျှင် ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကိုပေးလိမ့်မည်" ဟု ပြန်၍မိန့်တော်မူသော် မိန်းမက "သခင်၌ရေခပ်စရာမရှိ။ ရေတွင်းလည်းနက်သည်ဖြစ်၍ အသက်ရေကို အဘယ်သို့ရပါမည်နည်း။ ဤရေတွင်းကို ငါတို့အဘယာကုပ်သည် ငါတို့အားပေး၏။ သူ့ကိုယ်တိုင်မှစ၍ သားသမီး၊ တိရစ္ဆာန်များတို့သည် ဤရေတွင်းရေကို သောက်ကြပြီ။ သခင်သည် ထိုသူတို့ထက် ကြီးမြတ်သလော" ဟု ဆို၏။ ယေရှုကလည်း "ဤရေကိုသောက်သောသူသည် နောက်တစ်ဖန် ရေငတ်ဦးမည်။ ငါပေးသောရေကို သောက်သောသူမူကား ရေငတ်ခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရ အသက်ရှင်ခြင်းအလို့ငှါ ထွက်သောစမ်းရေဖြစ်လိမ့်မည်" ဟု မိန့်တော်မူ၏။ (ယောဟန် ၄း၁၀-၁၄)



၅။ ယေရှုက "ငါပေးသောရေကို သောက်သောသူမူကား ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရ အသက်ရှင်ခြင်းအလို့ငှါ ထွက်သောစမ်းရေဖြစ်လိမ့်မည်" ဟု မိန့်တော်မူ၏။ (ယောဟန် ၄း၁၄)

ထိုပွဲကိုခံ၍ နောက်ဆုံးဖြစ်သောနေ့မြတ်၌ ယေရှုသည်ရပ်၍ ကြွေးကြော်တော်မူသည်ကား "ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့။ ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည် အတိုင်း အသက်ရေထွက်ရာ စမ်းရေတွင်းဖြစ်လိမ့်မည်" ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော် ယုံကြည်သောသူတို့သည် ခံရလတံ့သော ဝိညာဉ်တော်ကို ရည်မှတ်၍ မိန့်တော်မူ၏။ ယေရှုသည် ဘုန်းပွင့်တော်မမူသေးသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကို ပေးတော်မမူသေး။ (ယောဟန် ၇း၃၇-၃၉)

၆။ အမှုပြီးပြီ။ ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏။ အစနှင့်အဆုံးလည်းဖြစ်၏။ ရေငတ်သောသူအား အသက်စမ်းရေကို အဖိုးမယူဘဲငါပေးမည်။ (ဗျာဒိတ် ၂၁း၆)

လူအချို့တို့က နှေးသည်ဟုထင်ကြ၏။ ထာဝရဘုရားသည် ကတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏။ သူခိုးသည် ညဉ့်အခါလာသကဲ့သို့ထာဝရဘုရား၏နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့၌ မိုးကောင်းကင်သည် ကြီးစွာသောအသံနှင့်တစ်ကွ ပျောက်သွားလိမ့်မည်။ လောကဓာတ် တို့သည် ပူအားကြီး၍ ပျက်ကြလိမ့်မည်။ မြေကြီးကိုယ်မှစ၍ မြေကြီးပေါ်မှာပြုလုပ်သမျှသော အရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။ ဤအရာအလုံးစုံတို့သည် အကုန်အစင် ပျက်သုန်းပျောက်ပြယ် လိမ့်မည်။ မိုးကောင်းကင်သည် မီးနှင့်ပျက်၍ လောကဓာတ်တို့သည် ပူအားကြီးလျက် အရည်ပျော် သောနေ့ဖြစ်သော ဘုရားသခင်၏နေ့ အလျင်အမြန်လာနေသည်ကို သင်တို့မျှော်ရှုလျက် သန့်ရှင်းစွာကျင့်ကြံပြောဆိုခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူ ဖြစ်အပ်သည်ကို သတိပြုလော့။ ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း ဖြောင့်မတ်ခြင်း တရားတည်နေရာ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီ မျှော်လင့်ကြ၏။ (၂ ရှင်ပေတရု ၃း၉-၁၁)

ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်း ငါမြင်၏။ အဘယ်သို့နည်းဟူမူကား ရှေးကောင်းကင်နှင့် ရှေးမြေကြီးသည် ရွေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ။ (ဗျာဒိတ် ၂၁း၁)

၇။ မောရှေသည် မိမိယောက္ခမ မိဒျန်ယဇ်ပုရောဟိတ် ယေသရော၏သိုး၊ ဆိတ်များကိုထိန်းစဉ် တောနောက်ဖက်သို့ဆောင်သွား၍ ဟောရပ်အမည်ရှိသောဘုရားသခင်၏တောင်သို့ ရောက်လေ၏။ ထိုအခါ ဘုရားသခင်၏ ကောင်းကင်တမန်သည် ချုံထဲကထွက်သောမီးလျှံ၌ ထင်ရှား၏။ မောရှေသည် ကြည့်သောအခါ မီးလောင်၍ချုံမကျွမ်းဘဲရှိသည်ကိုမြင်လျှင် အဘယ်ကြောင့် ချုံမကျွမ်းဘဲရှိသနည်း။ ဤထူးဆန်းသောရူပါရုံကို

ငါသွား၍ကြည့်ရှုမည်ဟုဆို၏။ မောရှေသွား၍ ကြည့်ရှုကြောင်းကို ထာဝရဘုရားမြင်တော်မူလျှင် 'မောရှေ၊ မောရှေ' ဟု ချုံထဲကခေါ်တော်မူ၏။ မောရှေကလည်း 'အကျွန်ုပ်ရှိပါ၏' ဟု လျှောက်လေ၏။ ဘုရားသခင်ကလည်း 'မချဉ်းနှင့်၊ သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသောအရပ်ကား သန့်ရှင်းသောမြေဖြစ်သည်' ဟူ၍၎င်း၊ 'ငါကားသင့်အဘ၏ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်' ဟူ၍ မိန့်တော်မူ၏။ မောရှေသည် ဘုရားသခင်ကို မကြည့်ဝံ့၊ မိမိမျက်နှာကို ဖုံးလျက်နေ၏။ (ထွက်မြောက်ရာ ၃း၁-၆)

၈။ ကျဉ်းမြောင်းသောတံခါးကို ဝင်ကြလော့။ ပျက်ဆီးခြင်းသို့ရောက်သောလမ်းနှင့် တံခါးသည် ကျယ်ဝန်းသည်ဖြစ်၍ ဝင်သောသူတို့သည်များကြ၏။ အသက်ရှင်ခြင်းသို့ရောက်သောလမ်းနှင့် တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍ တွေ့ဝင်သောသူတို့သည် နည်းကြ၏။ (ရှင်မဿဲ ၇း၁၃-၁၄)

ထို့ကြောင့် တစ်ဖန်ယေရှုက "ငါအမှန်အကန်ဆိုသည်ကား ငါသည်သိုးဝင်သောတံခါးဝဖြစ်၏။ ငါ့ရှေ့၌ ပေါ်လာသောသူရှိသမျှတို့သည် သူခိုးဓါးပြဖြစ်ကြ၏။ ထိုသူတို့၏စကားသံကို သိုးတို့သည် နားမထောင်ကြ။ ငါသည်တံခါးဝဖြစ်၏။ ငါဖြင့်ဝင်သောသူသည် ဘေးနှင့်ကင်းလွတ်လျက် ထွက်ဝင်၍ ကျက်စားရာကိုတွေ့ရလိမ့်မည်" ဟု မိန့်တော်မူ၏။ (ရှင်ယောဟန် ၁၀း၇-၉)

၉။ မြေကြီးအရာကို ငါပြော၍ သင်တို့သည်မယုံလျှင် ကောင်းကင်အရာကိုငါပြောသောအခါ အဘယ်သို့ယုံကြလိမ့်မည်နည်း။ ကောင်းကင်ဘုံကဆင်းသက်၍ ကောင်းကင်ဘုံ၌ရှိနေသော လူသားမှတစ်ပါး အဘယ်သူမျှ ကောင်းကင်ဘုံသို့မတက်ပြီ။ (ရှင်ယောဟန် ၃း၁၂-၁၃)

ယေရှုက "အကြောင်းမူကား ငါသည် ကိုယ့်အလိုသို့လိုက်ခြင်းငှါ ကောင်းကင်မှဆင်းသက်သည် မဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသော သူ၏အလိုတော်သို့လိုက်ခြင်းငှါ ဆင်းသက်၏။ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်၏အလိုတော်ကား ငါ့အားပေးသောသူတို့တွင် တစ်စုံတစ်ယောက် ကိုမျှ ငါမပျောက်စေရဘဲ နောက်ဆုံးသောနေ့၌ ထိုသူအပေါင်းတို့ကို ပြန်ရှင်စေခြင်းငှါ၎င်း၊ သားတော်ကို ကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကိုရစေခြင်းငှါ၎င်း အလိုတော်ရှိ၏။ ငါသည်လည်းနောက်ဆုံးသောနေ့၌ ထိုသူတို့ကို ပြန်ရှင်စေတော်မူမည်" ဟု မိန့်တော်မူ၏။ (ရှင်ယောဟန် ၆း၃၈-၄၀)

ယေရှုသည် ဤဥပမာများတို့ကိုဆောင်၍ ပရိတ်သတ်များတို့အား ဟောပြောတော်မူ၏။ ဥပမာကင်း၍ ဟောပြောတော်မမူ။ ထိုသို့သောအားဖြင့် ပရောဖက်စကားဟူမူကား ငါသည်နှုတ်ကိုဖွင့်၍ ဥပမာများကို မြွက်ဆိုပေအံ့။ ကမ္ဘာဦးမှစ၍ ထိမ်ဝှက်သောအရာတို့ကို ဖော်ပြပေအံ့ဟု ဟောဖူးသော စကားသည် ပြည့်စုံခြင်းသို့ရောက်သတည်း။ (ရှင်မဿဲ ၁၃း၃၄-၃၅)

၁၀။ ထိုသို့ငါဆိုသော် ဘုရားသခင့်အထံတော်က ကြွလာသောသူမှတစ်ပါး တစ်စုံတစ်ယောက်သော သူသည်



ခမည်းတော်ကိုမြင်ခဲ့ပြီဟု မဆိုလို။ ကြွလာသောသူမူကား ခမည်းတော်ကိုမြင်ခဲ့ပြီ။ (ရှင်ယောဟန် ၆း၄၆)

သင်တို့သည် ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကို မသိဘဲမနေရကြ။ ယခုမှစ၍ ခမည်းတော်ကို သိမြင်ကြ၏ဟု မိန့်တော်မူသည်။ ဖိလိပ္ပုကလည်း "သခင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါ။ ထိုသို့ပြတော်မူလျှင် အကျွန်ုပ်တို့အလိုပြည့်စုံပါမည်" ဟု လျှောက်လျှင် ယေရှုက "ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူ ရှိပြီးမှ သင်သည်ငါ့ကိုမသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင် ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု အဘယ်သို့ဆိုရသနည်း။ ငါသည်ခမည်းတော်၌ရှိသည်ကို၎င်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကို၎င်း မယုံသလော။ ငါဟောပြောသောစကားကို ကိုယ့်အလိုအလျောက် ငါဟောပြောသည်မဟုတ်။ ငါပြုသောအမှုတို့ကား ငါ၌တည်နေတော်မူသော ခမည်းတော်သည် ပြုတော်မူ၏။ ငါသည် ခမည်းတော်၌ရှိသည်ကို၎င်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကို၎င်း ယုံကြည်ကြလော့။ ငါ့စကားကို မယုံလျှင် ငါ့အမှုတို့ကိုထောက်၍ ယုံကြလော့" ဟု မိန့်တော်မူ၏။ (ရှင်ယောဟန် ၁၄း၇-၁၁)

၁၁။ မြေကြီးအရာကို ငါပြော၍ သင်တို့သည်မယုံလျှင် ကောင်းကင်အရာကိုငါပြောသောအခါ အဘယ်သို့ယုံကြလိမ့်မည်နည်း။ ကောင်းကင်ဘုံကဆင်းသက်၍ ကောင်းကင်ဘုံ၌ရှိနေသော လူသားမှတစ်ပါး အဘယ်သူမျှ ကောင်းကင်ဘုံသို့မတက်ပြီ။ (ရှင်ယောဟန် ၃း၁၂-၁၃)

၁၂။ ငါသည်အလျင်အမြန်လာမည်။ ငါသည်အကျိုးအပြစ်ကို ဆောင်ခဲ့သည်ဖြစ်၍ လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်း ဆပ်ပေးမည်။ ငါသည်အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏။ အဦးဆုံး သောသူ၊ နောက်ဆုံးသောသူဖြစ်၏။ အစနှင့်အဆုံးလည်းဖြစ်၏။ အသက်ပင်နှင့်ဆိုင်၍ မြို့ဝင်ပေါက် တံခါးဝအတွင်းသို့ ဝင်အံ့သောငှါ ပညတ်တော်တို့ကို ကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏။ ပြင်၌ကား ခွေးဖြစ်သောသူ၊ ပြုစားတတ်သောသူ၊ မတရားသောမေထုံ၌ မှိဲဝဲသောသူ၊ လူ့အသက်ကို သတ်သောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ သစ္စာပျက်ခြင်းကို နှစ်သက်၍ ပြုသောသူ အပေါင်းတို့သည် ရှိကြ၏။ (ဗျာဒိတ် ၂၂း၁၂-၁၆)

၁၃။ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူကလည်း ငါသည်ခပ်သိမ်းသောအရာတို့ကို အသစ်ဖန်ဆင်းသည်ဟု မိန့်တော်မူ၏။ တစ်ဖန်တုံ၊ ရေးထားလော့။ ဤစကားသည် သစ္စာစကား၊ ဟုတ်မှန်သောစကားဖြစ်၏။ အမှုပြီးပြီ။ ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏။ အစနှင့်အဆုံးလည်းဖြစ်၏။ ရေငတ်သောသူအား အသက်စမ်းရေကို အဖိုးမယူဘဲငါပေးမည်။ (ဗျာဒိတ် ၂၁း၅-၆)

၁၄။ ယေရှုက "ငါအမှန်အကန်ဆိုသည်ကား အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်သောကာလ၌ လူသားသည် ဘုန်းရှိသောပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောအခါ ငါ့နောက်သို့လိုက်ကြသော သင်တို့သည် တစ်ဆယ့်နှစ်ခုသောပလ္လင်ပေါ်မှာထိုင်လျက် ဣသရေလလူ တစ်ဆယ့်နှစ်မျိုးကို စစ်ကြောစီရင်ရကြလတံ့" ဟု မိန့်တော်မူ၏။ (ရှင်မဿဲ ၁၉း၂၈)

၁၅။ ကိုယ်တော်က “ငါ့အမိ၊ ငါ့ညီကား အဘယ်သူနည်း” ဟု မေးတော်မူ၏။ လက်တော်ကိုလည်း ဆန့်၍ တပည့်တော်တို့ကိုညွှန်လျက် “ဤသူတို့သည် ငါ့အမိ၊ ငါ့ညီပေတည်း။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့အဘ၏အလိုတော်ကို ဆောင်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိဖြစ်သတည်း” ဟု မိန့်တော်မူ၏။ (ရှင်မဿဲ ၁၂း၄၈–၅၀)

၁၆။ အမှုပြီးပြီ။ ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏။ အစနှင့်အဆုံးလည်းဖြစ်၏။ ရေငတ်သောသူအား အသက်စမ်းရေကို အဖိုးမယူဘဲငါပေးမည်။ (ဗျာဒိတ် ၂၁း၆)

ဝိညာဉ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟု ဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟု ဆိုပါစေ၊ ရေငတ်သောသူသည် လာပါစေ။ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေကိုယူပါစေ။ (ဗျာဒိတ် ၂၂း၁၇)

၁၇။ မိန်းမက “သခင်၌ရေခပ်စရာမရှိ။ ရေတွင်းလည်း နက်သည်ဖြစ်၍ အသက်ရေကို အဘယ်သို့ရပါမည်နည်း။ ဤရေတွင်းကို ငါတို့အဘယာကုပ်သည် ငါတို့အားပေး၏။ သူ့ကိုယ်တိုင်မှစ၍ သားသမီး၊ တိရစ္ဆာန်များတို့သည် ဤရေတွင်းရေကို သောက်ကြပြီ။ သခင်သည် ထိုသူတို့ထက် ကြီးမြတ်သလော” ဟု ဆို၏။ ယေရှုကလည်း “ဤရေကိုသောက်သောသူသည် နောက်တစ်ဖန် ရေငတ်ဦးမည်။ ငါပေးသောရေကို သောက်သောသူ မူကား ရေငတ်ခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရ အသက်ရှင်ခြင်းအလို့ငှါ ထွက်သောစမ်းရေဖြစ်လိမ့်မည်” ဟု မိန့်တော်မူ၏။ (ယောဟန် ၄း၁၁–၁၄)

ထိုပွဲကိုခံ၍ နောက်ဆုံးဖြစ်သောနေ့မြတ်၌ ယေရှုသည်ရပ်၍ ကြွေးကြော်တော်မူသည်ကား “ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့။ ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည် အတိုင်း အသက်ရေထွက်ရာ စမ်းရေတွင်းဖြစ်လိမ့်မည်” ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော် ယုံကြည်သောသူတို့သည် ခံရလတံ့သော ဝိညာဉ်တော်ကို ရည်မှတ်၍ မိန့်တော်မူ၏။ (ယောဟန် ၇း၃၇–၃၈)

၁၈။ ယေရှုကလည်း “ငါအမှန်အကန်ဆိုသည်ကား အာဗြဟံမဖြစ်မီ ငါဖြစ်၏” ဟု မိန့်တော်မူ၏။ (ရှင်ယောဟန် ၈း၅၈)

၁၉။ ယေရှုက “ငါသည် ငါ့ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်” ဟု မိန့်တော်မူ၏။ (ရှင်ယောဟန် ၁၀း၃၀)

၂၀။ သင်တို့သည် ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကို မသိဘဲမနေရကြ။ ယခုမှစ၍ ခမည်းတော်ကို သိမြင်ကြ၏ဟု မိန့်တော်မူသည်။ ဖိလိပ္ပုကလည်း “သခင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါ။ ထိုသို့ပြတော်မူလျှင် အကျွန်ုပ်တို့အလိုပြည့်စုံပါမည်” ဟု လျှောက်လျှင် ယေရှုက “ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူ ရှိပြီးမှ သင်သည်ငါ့ကိုမသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင် ခမည်းတော်ကို



အကျွန်ုပ်တို့အား ပြတော်မူပါဟု အဘယ်သို့ဆိုရသနည်း။ ငါသည်ခမည်းတော်၌ရှိသည်ကိုငှင်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုငှင်း မယုံသလော။ ငါဟောပြောသောစကားကို ကိုယ့်အလိုအလျောက် ငါဟောပြောသည်မဟုတ်။ ငါပြုသောအမှုတို့ကား ငါ၌တည်နေတော်မူသော ခမည်းတော်သည် ပြုတော်မူ၏။ ငါသည် ခမည်းတော်၌ရှိသည်ကိုငှင်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုငှင်း ယုံကြည်ကြလော့။ ငါ့စကားကို မယုံလျှင် ငါ့အမှုတို့ကိုထောက်၍ ယုံကြလော့။ ငါအမှန်အကန် ဆိုသည်ကား ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက် သာ၍ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်” ဟု မိန့်တော်မူ၏။ (ရှင်ယောဟန် ၁၄း၇–၁၂)

၂၁။ ယေရှုက “ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။ (ရှင်ယောဟန် ၁၄း၆)

၂၂။ ထို့ကြောင့် တစ်ဖန်ယေရှုက “ငါအမှန်အကန်ဆိုသည်ကား ငါသည်သိုးဝင်သောတံခါးဝဖြစ်၏။ ငါ့ရှေ့၌ ပေါ်လာသောသူရှိသမျှတို့သည် သူခိုးဓါးပြဖြစ်ကြ၏။ ထိုသူတို့၏စကားသံကို သိုးတို့သည် နားမထောင်ကြ။ ငါသည်တံခါးဝဖြစ်၏။ ငါဖြင့်ဝင်သောသူသည် ဘေးနှင့်ကင်းလွတ်လျက် ထွက်ဝင်၍ ကျက်စားရာကိုတွေ့ရလိမ့်မည်” ဟု မိန့်တော်မူ၏။ (ရှင်ယောဟန် ၁၀း၇–၉)

၂၄။ ယေရှုက “ငါသည် ဤလောက၏ အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ၊ အသက်၏အလင်းကို ရလိမ့်မည်” ဟု မိန့်တော်မူ၏။ (ရှင်ယောဟန် ၈း၁၂)

၂၅။ ယေရှုက “ငါသည် ဤလောက၏ အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ၊ အသက်၏အလင်းကို ရလိမ့်မည်” ဟု မိန့်တော်မူ၏။ (ရှင်ယောဟန် ၈း၁၂)

**Gospel Outreach Mission**
247 Bogyoke Street
Yangon, Myanmar.

Printed in partnership with
**Street Tracts International Mission**